ဗွီအိုအေ

၂၀၀၄-၀၂-၀၄ (ညပိုင်း)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်နှစ်ဦး မြန်မာအာဏာပိုင်တွေက ဖမ်းဆီး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်နှစ်ဦးကို မြန်မာအာဏာပိုင်တွေက ဖမ်းဆီးသွားခဲ့ပါတယ်။ ဒီအကြောင်းကို ကျွန်မ တို့ရဲ့ ထိုင်းအခြေစိုက် သတင်းထောက်က အခုလိုသတင်းပေးပို့ထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကို မြန်မာစစ်ထောက်လှမ်းရေးတွေက ဒီရက်ပိုင်းအတွင်း အကြောင်းအမျိုးမျိုးနဲ့ လိုက်လံဖမ်းဆီးမှုတွေ ပြုလုပ်နေပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုဦးဆောင် ကော်မတီဝင် ဦးစိုးမြင့်ကို ဗွီအိုအေက ဆက်သွယ်မေးမြန်းကြည့်ခဲ့ပါတယ်။

**ဖြေ။** ။ ကြည့်မြင်တိုင် ဦးမြင့်အေး ဥက္ကဋ္ဌ၊ ဦးတင်မောင် ဦးစီးကော်မတီ အဲဒီနှစ်ယောက်ကို ဖမ်းတယ်။ (၃၀)ရက်နေ့နဲ့ (၃၁)ရက်နေ့၊ နှစ်ရက်မှာ တစ်ယောက်ဆီဖမ်းတာ။

**မေး။** ။ သူတို့ကို နိုင်ငံရေးမှုနဲ့ပဲလား။

**ဖြေ။** ။ တစ်နေ့က ကိုမြင့်အေးအိမ်မှာ မြို့နယ်အဖွဲ့ရုံးခန်းရှိတယ်။ အဲဒီကို (၁၂း၄၀)နာရီလောက်မှာ ကိုမြင့်အေးကို ခေါ်လာပြီးတော့ အိမ်မှာရှာတယ်။ နဂိုက ချိတ်ပိတ်ထားတဲ့ စာရွက်စာတမ်းဗီရို နှစ်လုံး လား၊ သုံးလုံးလား အဲဒီမှာ သူတို့အိတ်တွေဖွင့်ပြီး ရှာတယ်။ ရှာပြီးတော့ စာရွက်စာတမ်းတစ်ချို့ ယူသွားတယ်။ (၂)နာရီမှာ ပြန်ထွက်သွားတယ်၊ ရှာတဲ့လူတွေ။

**မေး။** ။ အဓိကက ဦးမြင့်အေးကို ဘာ့ကြောင့်ဖမ်းသွားတာလဲ အန်ကယ်လ်။

**ဖြေ။** ။ အဲဒါ ဘာမှပြောလို့ မရသေးဘူး။ ဦးမြင့်အေးကလည်း အစိုးရနဲ့ဆန့်ကျင်တဲ့ စာရွက်စာတမ်းတွေ သူ့အိမ်မှာ ထားလေ့ ထားထ မရှိပါဘူး။ ဒီအလုပ်လည်း မလုပ်ပါဘူး။ သိမ်းသွားတဲ့ စာရွက်စာတမ်းတွေကလည်း ဘာတွေလည်း ဆိုတာမသိဘူး။ သူတို့အဖွဲ့နဲ့ သူတို့ လာရှာပြီးသိမ်းသွားတာပဲ။

**မေး။** ။ အဲတော့၊ အဲလိုမျိုးတွေ ဖမ်းဆီးခံရတဲ့အပေါ်မှာ အန်ကယ်လ်တို့ အာဏာပိုင်တွေနဲ့ရော ဆွေးနွေးမှုတွေ ရှိပါသလားရှင်။

**ဖြေ။** ။ အန်ကယ်လ်တို့ ဒီကိစ္စတွေကို ပြောဆိုနေပါတယ်။

**မေး။** ။ အခုလိုအခြေအနေမျိုးမှာ ဒီလိုဖမ်းနေတဲ့အတွက် အန်ကယ်လ်တို့ သဘောထားက ဘယ်လိုရှိပါ သလဲ။

**ဖြေ။** ။ တွေ့ဆုံဆွေးနွေးဖို့ တာစူနေကြတဲ့အချိန်မှာ ဒါမျိုးလုပ်တဲ့ဥစ္စာ အနှောက်အယှက်အများကြီး ဖြစ်တာပေါ့။

**မေး။** ။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ပတ်သက်ပြီး ကျန်းမာရေးပညာပေးစာရွက်တွေဝေတဲ့ သူတွေကိုလည်း ဖမ်းတယ်ကြားတယ်။ အဲဒါတွေကော။

**ဖြေ။** ။ မှန်ကောင်းမှန်ပါတယ် ခင်ဗျာ။

**မေး။** ။ အဲလို ဖမ်းတဲ့ကိစ္စတွေပေါ်မှာ အန်ကယ်လ်တို့ စစ်အစိုးရကို တရားဝင်များ ပြောဆိုမှုတွေရော
လုပ်ဖို့ အစီအစဉ် ရှိပါသလား။

**ဖြေ။** ။ ဒါတွေက ဘဘတို့ လုပ်ရိုးလုပ်စဉ်တွေပဲ။

**မေး။** ။ အခုလက်ရှိအနေအထားမှာရော ဒီအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဘာတွေများလုပ်နေပါသလဲ အန်ကယ်လ်။

**ဖြေ။** ။ တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးစားနေတယ်လေ။

**မေး။** ။ ဒီအခြေအနေပေါ်မှာ ထူးခြားမှုတွေရှိပါသလား အန်ကယ်လ်။

**ဖြေ။** ။ ဘာမှမရှိဘူး။ ဘဘတို့ကတော့ ကိုယ်လုပ်စရာရှိတဲ့ ဥစ္စာကို အဖွဲ့ရဲ့ သဘောထား၊ အဖွဲ့ရဲ့ ပေါ်လစီပေါ်မှာ၊ အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ ရပ်ပြီးတော့ မရွှေ့မပြောင်းဘဲနဲ့ ဘဘတို့ (၅) ယောက်က လုပ်သွားမှာပဲ။

**မေး။** ။ အခုဘဘတို့ကို အမျိုးသားညီလာခံကိစ္စလည်း ဘာမှဆွေးနွေးတာမရှိဘူး။ တွေ့ဆုံဆွေးနွေးရေး ကိစ္စလည်း ဘာမှမပြောဘူး။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ခေါင်းဆောင် (၃) ယောက်ကိုလည်း ပြန်လွှတ်ပေးတာ မရှိဘူး။ ဒီအပေါ်မှာ ဘဘတို့ စစ်အစိုးရကို စိတ်ပျက်မှုမရှိဘူးလား။
**ဖြေ။** ။ နိုင်ငံရေးဆိုတာ စိတ်ပျက်လို့မရဘူးလေ။ စိတ်ဓါတ်ခိုင်ခိုင်မာမာနဲ့ ကိုယ်လုပ်စရာရှိတာ လုပ်သွားရမှာပေ့ါ။ နိုင်ငံ ရေးမှာ စိတ်ပျက်ပြီဆိုရင် ကိုယ်ရှုံးပြီးပေ့ါ။

**မေး။** ။ အခု ဒီစစ်အစိုးရရဲ့ လုပ်ရပ်အပေါ်မှာရော၊ ဘဘတို့ ဘယ်လိုမြင်ပါသလဲ။
**ဖြေ။** ။ ကျွန်တော်တို့က စစ်အာဏာရှင်စနစ်ကို မလိုလားဘူး။ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ စီအီးစီ (၃)ဦး တွေ့ဆုံ နိုင်ဖို့နဲ့ စီအီးစီဆုံတဲ့အခါကျရင် ဆွေးနွေးနိုင်အောင် လိုအပ်တဲ့ ပြင်ဆင်ပြီးတော့ လုပ်စရာရှိတာတွေ လုပ်နေတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုဦးဆောင်ကော်မတီ ဦးစိုးမြင့်နဲ့ ဗွီအိုအေဆက်သွယ်မေးမြန်းထားခြင်း ဖြစ်ပါတယ်။